“အသံ”

# BRICS (၁၀) နှစ်တာ ပူးပေါင်းဆောင်ရွက်မှာ — ဆက်လက်တိုးတက်၊ ပဏာမစိတ်ထားမမေ့ပျောက်

၂၀၀၆ခုနှစ် စက်တင်ဘာလ BRICSနိုင်ငံခြားရေးဝန်ကြီးများ ပထမအကြိမ် တွေ့ဆုံပွဲပြီးမှအစ ၂၀၁၇ခုနှစ် ပြန်လည် တွေ့ဆုံသည်အထိ BRICS နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးသည် သုညမှ စပြီး အားလုံးဂရုစိုက်နေကြသည့် တစ်ကမ္ဘာလုံးဆိုင်ရာ အကြောင်းအရာနှင့်တူညီသော အကျိုးအမြတ်ဆိုင်ရာ ကိစ္စရပ်များပေါ်တွင် ပုံစံမျိုးစုံပူးပေါင်းဆောင်ရွက်ရေးကို လုပ်ဆောင်ခဲ့ပြီးအောင်မြင်မှုရလဒ်များစွာ ရရှိခဲ့ကြောင်းသိရပါသည်။

ဤဆယ်နှစ်တာကာလအတွင်း BRICSနိုင်ငံများသည် “အတူညှိနှိုင်း၊ အတူဆောက်လုပ်၊ အတူခံစား”ဟူသော အတွေးအခေါ်ဖြင့်အတူကြီးထွား၊ အတူဖွံ့ဖြိုးပြီး ကမ္ဘာ့စီးပွားရေးတိုးမြှင့်မှုအတွက် အထောက်အပံ့များစွာ လုပ်ဆောင်ပေးနိုင်ခဲ့သည်။ ကမ္ဘာ့စီးပွားရေးစုစုပေါင်းပမာဏအချိုးအစားသည် (၁၂%)မှ (၂၃%)အထိမြှင့်တင်ခဲ့ပြီး ကမ္ဘာ့စီးပွားရေးတိုးမြှင့်ရေးအတွက် အဓိကဆွဲဆောင်မှုအင်အားဖြစ်လာခဲ့ပါတော့သည်။

လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရေးကို ထပ်မံလုပ်ဆောင်နိုင်ရန် BRICSနိုင်ငံများသည် BRICS နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဘဏ်ကို တည်ထောင်ခဲ့သည်။ ၂၀၁၆ခုနှစ်တွင် စုစုပေါင်းအမေရိကန်ဒေါ်လာ (၁. ၅)ဘီလီယံကျော်သော စီမံကိန်း(၇)ခုကို သဘောတူညီခဲ့သည်။ ၂၀၁၇ခုနှစ်တွင် ဒေါ်လာပေါင်း (၂. ၅ - ၃)ဘီလီယံနှင့် ငွေချေးစီမံကိန်း (၁၅)ခုကို သဘောတူခွင့်ပြုခဲ့သည်။ ယင်းစီမံကိန်းများသည် အစိမ်းရောင်စွမ်းအင်နှင့် လမ်းပန်းသွားလာရေးများ အပိုင်းသို့စုဝေးနေလျက်ရှိသည်။ BRICSပူးပေါင်းဆောင်ရွက်ရေးသည် အကျိုးတူအောင်မြင်သည့်လမ်းကြောင်းသစ်ကို လျှောက်လှမ်းနေပါသည်။ အချင်းချင်းလေးစား၊ အတူတိုးတက်သော လမ်းကြောင်းအသစ်ဖြစ်ပေသည်။

ဤဆယ်နှစ်တာကာလအတွင်း BRICSနိုင်ငံသည် အတွေးအခေါ်မှ စနစ်အဖြစ်သို့ပြောင်းလဲပြီး ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်ပိုမိုချဲ့ထွင်နက်ရှိုင်းစေနိုင်ခဲ့သည်။ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်သည် စီးပွားရေးမှ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုအထိတိုးချဲ့လုပ်ဆောင်နေနိုင်ခဲ့သည်။ ယခုနှစ်ပိုင်းတွင် အင်တာနက်ကွန်ယက်လုံခြုံရေး၊ အကြမ်းဖက်ဝါဒဆန့်ကျင်ရေးစသည့် နယ်ပယ်များ၏ ပူးပေါင်းဆောင်ရွက်မှုအထိတိုးချဲ့နိုင်ခဲ့ပါသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး၊ တိုးတက်စည်ကားရေးနှင့် တည်ငြိမ်ရေးစသည်တို့အတွက် အရေးပါသည့်ထောက်ပံ့မှုများလုပ်ဆောင်ပေးခဲ့သည်။

ဤဆယ်နှစ်တာကာလအတွင်း BRICSနိုင်ငံများသည် ဘေးကစောင့်ကြည့်သူမှ နိုင်ငံတကာစီးပွားရေးစနစ်၏ အရေးပါသော ပါဝင်သူနှင့်သတ်မှတ်သူအဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲနေခဲ့သည်။ အတွင်းပိုင်း၏ စီးပွားညှိနှိုင်းမှုစနစ်ကို တက်ကြွစွာတည်ဆောက်သည်နှင့် တစ်ပြိုင်တည်း BRICSနိုင်ငံများသည်ပိုမိုမျှတ၊ ပိုမိုညီမျှသောနိုင်ငံတကာအစီအစဉ်ကို တည်ဆောက်ရန် အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်နေပါသည်။

၂၀၁၇ခုနှစ်သည် BRICSပူးပေါင်းဆောင်ရွက်ရေးက နောက်ဆယ်နှစ်၏ အစသို့ လျှောက်လှမ်းလာနေသည်။ ယခုလက်ရှိရှုပ်ထွေးသည့် နိုင်ငံတကာစီးပွားရေးနှင့် နိုင်ငံရေးအခြေအနေအောက်တွင် BRICSနိုင်ငံများမှာ ပိုမိုနီးစပ်ညီမျှသော ပူးပေါင်းဆောင်ရွက်ရေးကို လုပ်ဆောင်သင့်ပြီး စိန်ခေါ်မှုအားလုံးကို အတူတကွ ကြုံတွေ့ဖြေရှင်းရမည်ဖြစ်သည်။ ရှီကျင့်ဖိန်ပြောကြားသကဲ့သို့ BRICSနိုင်ငံများ၏ အလုပ်တာဝန်မှာ နိုင်ငံအသီးသီး၏ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းသိမ်းခြင်းပင်ဖြစ်သည်။ နိုင်ငံတကာပတ်ဝန်းကျင်ကိုအကျိုးပေးသော၊ ဘက်စုံမူဝါဒနှင့် နိုင်ငံတကာဆက်ဆံရေး အခြေခံမူဝါဒကို လိုက်နာကျင့်သုံးပြီး နိုင်ငံတကာအစီအစဉ်ကိုပိုမိုညီမျှမျှတသော လမ်းကြောင်းဆီသို့ရောက်အောင် ဖွံ့ဖြိုးတိုးတက်ရန် တွန်းဆော်ရမည်ဖြစ်သည်။

(ထမ်ဟွေ့ဖန်းသည် တရုတ်လူမှုသိပ္ပံကောလိပ်ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးသုတေသနစခန်းတစ် ကမ္ဘာလုံးထိန်းချုပ်ရေးရုံးဒုတိယဌာနကြားရေးမှူး ဒုတိယသုတေသီဖြစ်သည်။ ပြည်သူ့ကွန်ယက်)

## နိုင်ငံတကာအဆင့်ရှိသော လုပ်ငန်းအုပ်စုကို ယူနန်မှမွေးထုတ်

ယခုရက်ပိုင်းယူနန်တွင် ရိုးရာလုပ်ငန်းများပြုပြင်ပြောင်းလဲမှုကို ဆက်လက်အရှိန်မြှင့်တင်နေကြောင်း ဝန်ဆောင်မှုလုပ်ငန်းအချိုးအစား၊ လုပ်ငန်းများစနစ်တကျဖွဲ့စည်းရေးနှင့် စနစ်တကျပြောင်းရွှေ့ရေးကိုများစွာမြှင့်တင်ပြီး နိုင်ငံတကာအဆင့်ရှိသော လုပ်ငန်းအုပ်စုကို မွေးထုတ်ပေးနေကြောင်း ယူနန်ပြည်နယ်ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

## ယူနန်သည်အပိုင်းကဏ္ဍများစွာတွင် ယန်ဇီမြစ်စီးပွားရေးဇုန်ဆောက်လုပ်ရေးကိုပါဝင်နေ

ယူနန်ပြည်နယ်သည် ရှန်ဟဲမြို့နှင့် ယူနန်ပြည်နယ်၏ အပြန်အလှန်ထောက်ပံ့ကူညီပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးကိုအဆက်မပြတ်တိုးမြှင့်နေကြောင်း မိတ်ဆက်ခြင်းအရသိရပါသည်။ သံလမ်း၊ လေကြောင်း၊ ကုန်းတွင်းရေကြောင်းသယ်ပို့အခြေအနေများ ပြုပြင်ပြောင်းလဲမှုကို အလေးထားသည်သာမက ယူနန်ကွန်ရှီး၊ ယူနန်-ရှီချွမ်း၊ ယူနန်-ချုံချင့်စသည့်ဘေးပတ်ဝန်းကျင်ပြည်နယ်ဇုန်များနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကို နီးကပ်စွာလုပ်ဆောင်နေပါသည်။ နယ်ပယ်ဒေသစီးပွားရေး အပြန်အလှန်လုပ်ဆောင်ရေးကို ဖြစ်မြောက်စေပြီး ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံ၊ တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံနှင့် မဲခေါင်မြစ်မြစ်ဝှမ်းဒေသခွဲ စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးအတွင်းသို့ တက်ကြွစွာ ပါဝင်နေသည်။ ဂိတ်ပို၍ဖွင့်လှစ်ရေးကိုတွန်းတင်ပြီး တစ်ပြည်နယ်လုံးဂိတ်ပမာဏမှာ (၃၀)ကျော်ထိုးဖောက်နိုင်ခဲ့သည်။ ဂိတ်အသီးသီးဖြင့် ယူနန်ပြည်နယ်၏ ယန်ဇီစီးပွားရေးဇုန်ဆောက်လုပ်ရေးကို ထောက်ပံ့ထားကာ ယူနန်၏ပေါင်းကူးတံတားနှင့် အချက်အချာအကျိုးသက်ရောက်မှုကို ပြည့်ဝစွာလုပ်ဆောင်မည်ဖြစ်သည်။

ယူနန်သည် အရှေ့အလယ်ပိုင်းဒေသ ပြင်ပပုံစံလုပ်ငန်းပြောင်းရွှေ့မှု၊ အလယ်အောက်ပိုင်းဒေသလုပ်ငန်းများပြောင်းရွှေ့မှု၊ လူဦးရေပြန့်ကျဲမှု၊ စီးပွားရေးဖွဲ့စည်းမှုနှင့် အရင်းအမြစ်ပတ်ဝန်းကျင်ခံနိုင်စွမ်းအားကိုလည်း စနစ်တကျဆက်ခံထားသည်။ လုပ်ငန်းပြောင်းရွှေ့ဇုန်နှင့်ဆက်ခံဇုန်တို့ကို သဘာဝကျကျဆက်ခံရန်တွန်းတင်သည်။ အထူးသဖြင့် ပြင်ပပုံစံလုပ်ငန်း ခြံဇုန်ထံစုစည်းပြီး ယူနန်ပြည်နယ်ယန်ဇီမြစ်ဝှမ်းပြည်နယ်ခွဲနှင့်မြို့များ၏ ပြင်ပပုံစံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်ကိုမြှင့်တင်ပေးခဲ့ပါသည်။

## ကူမင်းအဆင့်မြင့်နည်းပညာဇုန် လုပ်ငန်းကြီးအုပ်စုနှစ်ခု အားသာချက်သိသာထင်ရှား



ကူမင်းအဆင့်မြင့်နည်းပညာဇုန်သည်၁၉၉၂ခုနှစ် နိုင်ငံတော်ကောင်စီမှ သဘောတူတည်ထောင်သည့် ယူနန်ပြည်နယ်ပထမဆုံး နိုင်ငံတော်အဆင့် အဆင့်မြင့်သိပ္ပံနည်းပညာဖွံ့ဖြိုးမှုဇုန်ဖြစ်သည်။

ယခုတွင် ကူမင်းအဆင့်မြင့်နည်းပညာဇုန်သည် လုပ်ငန်းအုပ်စုဖွံ့ဖြိုးတိုးတက်မှု ခြေလှမ်းလျင်မြန်နေပါသည်။ ဇီဝဆေးဝါးကျန်းမာရေး၊ သတ္တုကုန်ကြမ်းအသစ်လုပ်ငန်းအုပ်စုမှ အားသာချက်မှာ အလွန်သိသာသည်။ ITနှင့်ခေတ်ပေါ်ဝန်ဆောင်မှုလုပ်ငန်းစသည့် ဆန်းသစ်လုပ်ငန်းများတည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်နေလျက်ရှိသည်။ အင်အားကြီးစက်မှုလုပ်ငန်း၊ အဆင့်မြင့် သိပ္ပံနည်းပညာများအသီးသီးမှာ (၈၀)ခု၊ (၁၉၁)ခုစုစုပေါင်းရှိခဲ့သည်။ ယူနန်ပိုင်ယောက်၊ ပိုင်မူတန်ဟုန်ကုမ္ပဏီ၊ ကူမင်းဆေးဝါးအုပ်စု၊ ကျိတာဆေးဝါးထုတ်လုပ်မှု၊ ဝေါစိန်ဇီဝကုမ္ပဏီ၊ ယိုကျင်းဆေးဝါးလုပ်ငန်း၊ ဇီဝဂူဆေးဝါးလုပ်ငန်းစသည့် ဦးဆောင်လုပ်ငန်းများ၏ ဦးဆောင်အကျိုးသက်ရောက်မှု အဆက်မပြတ်တိုးမြှင့်နေပြီးကုန်စည် (၁၆)ခု၏ တန်ဖိုးမှာ သန်းပေါင်းရာချီကျော်လျက်ရှိနေပါသည်။

ထို့ပြင်ဇင်းအဆင့်မြင့်နည်းပညာဇုန်သည် နိုင်ငံတော်ကိုယ်အားကိုယ်ကိုးဆန်းသစ်စံပြဇုန်ကို လျှောက်ထားတင်ပြရာတွင် တိုးတက်မှုများရရှိခဲ့သည်။ လောကတစ်ခုလုံး R&Dအသုံးစရိတ်သည် စုစုပေါင်းထုတ်လုပ်တန်ဖိုး၏ (၃. ၈%)ရှိသည်။ မူပိုင်ခွင့်နှင့် အခွင့်အပ်နှင်းခြင်းပေါင်း (၁၁၄၄)ခု၊ တီထွင်မှုမူပိုင်ခွင့်(၉၄)ခုပြီးမြောက်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် ယူနန်အလယ်ပိုင်းဆန်းသစ်ဇုန်ကို ယန်ဇီစီးပွားရေးဇုန်အတွင်းသို့ရောစပ်ပါဝင်သည့် အဓိကစွမ်းဆောင်ချက်စင်မြင့်အဖြစ် ဆောက်လုပ်မည်ဖြစ်သည်။